## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

# ကုမ္ပဏီများတွင် အစုရှယ်ယာထည့်ဝင်ငွေများအပေါ် ဝင်ငွေရလမ်းစိစစ်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ အပြည့်အဝကောက်ခံရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရာ၌ အခွန်ထမ်းပြည်သူများမှ လိုလား စွာဖြင့် အခွန်ပေးဆောင်လာစေရေးအတွက် အခွန်ထမ်း ပြည်သူများ၏ အခက်အခဲများအား အလေးထားဂရုပြု ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီများတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အစုရှယ်ယာထည့်ဝင်သူများ၏ အစုရှယ်ယာထည့်ဝင်ငွေများအပေါ် ဝင်ငွေရလမ်း စိစစ်သည့် လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့မြန်ဆန်စွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ **ကုမ္ပဏီများတွင် အစုရှယ်ယာထည့်ဝင်ခြင်းအတွက် အသုံးပြုသည့် ဝင်ငွေအပေါ် ဝင်ငွေရလမ်း တင်ပြသည့်ကိစ္စရပ်များအား စိစစ်ခြင်း/အခွန်စည်းကြပ်ခြင်းဆိုင်ရာစီမံချက်အဖွဲ့**ဖြင့် ဆောင်ရွက် ပေးသွားမည်ဖြစ်ပါသည်။

၂။ စီမံချက်ကာလအဖြစ် ၁၇-၈-၂၀၂၀ ရက်နေ့မှ ၃၀-၉-၂၀၂၀ ရက်နေ့အထိ သတ်မှတ်ထားပြီး စီမံချက်ရုံးခန်းကို အောက်ဖော်ပြပါလိပ်စာတွင် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

အမှတ်(၁၆၃/၁၆၇)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
(ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ မြေညီထပ်)။

၃။ စီမံချက်အဖွဲ့အနေဖြင့် ဝင်ငွေရလမ်းတင်ပြသည့်ကိစ္စရပ်များအား စိစစ်ခြင်း/အခွန်စည်းကြပ် ခြင်းတို့ကို အောက်ဖော်ပြပါ သတ်မှတ်ရက်များအတွင်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) အခွန်ထမ်းက ဝင်ငွေရလမ်းတင်ပြသည့်ကိစ္စရပ်များအတွက် လိုအပ်သော စာရွက်စာတမ်း၊ အထောက်အထားပြည့်စုံပါက အလုပ်လုပ်ရက်(၅)ရက်အတွင်း၊

(ခ) ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေ အပေါ် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)အရ သတ်မှတ်ခွင့်ပြုထားသော အခွန်နှုန်းဖြင့် စည်းကြပ်မှုဆောင်ရွက်သည့် ကိစ္စများအတွက် လိုအပ်သော စာရွက်စာတမ်း၊ အထောက်အထားပြည့်စုံပါက ရုံးချိန်အတွင်း။

၄။ ဤကြေညာချက်နှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး အမှတ်-၅၉/၆၁(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်းနံပါတ်- ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ်-၅၉/၆၁(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ်- ၀၂-၄၀၃၀၁၉၂ သို့မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန